ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်ကြာသပတေးနေ့၊ (11-1-2007) (၅၁၉၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်(၃၈)ရပ်ကွက်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်ဆက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆) ရပ်ကွက်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေး စေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ဆောင်းပါးအညွှန်း

❐ ***ဒီပစ္စည်းကို နေအိမ်မှာရှိတဲ့ ဆော့ကက်ပေါက်တစ်ခုမှာ တပ်ထားလိုက်ရင် အဲဒီအိမ်ရဲ့ လျှပ်စစ်ဓာတ်အား ယူနစ်တက်တာ ၄၅ရာခိုင်နှုန်း လျော့ကျသွားတယ်လို့ ပြောပြပြီး ရောင်းချနေလေတော့ တွေ့ရှိကြသူအပေါင်းက စိတ်ဝင်စားကြမှာ သေချာပါတယ်။***

တကယ်ဟုတ်ရဲ့လား ဆိုတာကတော့ မေးခွန်းထုတ်စရာပါ။

ဦးဖေသိန်း(လျှပ်စစ်နှင့် အီလက်ထရွန်နစ်)၏ **"ဒါဖတ်ပြီးမှ ဈေးဝယ်ပါ"**

(ဆောင်းပါး) စာမျက်နှာ-၃

အင်တာနက် ကျန်းမာရေးသတင်း

ဆီးချိုရောဂါရှင်များသည် မိမိ၏သွေးအတွင်းရှိ သကြားဓာတ်ကို သိရှိနေရန် ပုံပါအတိုင်း အစဉ်တိုင်းတာစစ်ဆေးရန် လိုအပ်သည်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးချိုဝေဒနာရှင်များအတွက် အင်ဆူလင်စားဆေး ထုတ်လုပ်နိုင်မည့် အလားအလာ တွေ့ရ

လန်ဒန် ဇန်နဝါရီ ၁၀

တရုတ်မှ သိပ္ပံပညာရှင်များသည် ပုစွန်၏အခွံမှ ရယူထားသော ဓာတုဗေဒပစ္စည်းတစ်မျိုး၏အကူအညီဖြင့် ဖန်တီးထားသည့် ဆီးချိုရောဂါကု အင်ဆူလင်စားဆေးကို ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဆီးချိုရောဂါရှိသူများသည် ၎င်းတို့၏သွေးအတွင်း၌ သကြားဓာတ်ပါဝင်မှု မြင့်တက်မလာစေရန် ဆီးချိုထိန်းသည့် အင်ဆူလင်ဟော်မုန်းဓာတ်ကို မပြတ်ထိုး၍ ရောဂါကို ထိန်းသိမ်းထားရန် လိုအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၁-၁-၂၀၀၇
(ကြာသပတေးနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပေါင်းစည်းကြိုးပမ်း

ကျေးလက်ဒေသများ၏ အခြေခံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်က ကူညီဖြည့်ဆည်းပေးနေသည်။ စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်လည်း အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ပေးလျက်ရှိသည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ရာ လူငယ်လူရွယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်များပြားစွာ ရရှိနေသည်။ ထိုနည်းတူစွာ ကျေးလက်ဒေသနေပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားမြင့်မားစေရေးအတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့်အတူ လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ဘန်ဘားကျေးရွာအုပ်စု ဆိတ်ဖူးတောင်ကျေးရွာနှင့် အောင်ဘိတ်သိတ်ကျေးရွာတို့ရှိ ကျေးရွာစာကြည့်တိုက်နှင့် ရေအားလျှပ်စစ်မီးစက်ဖွင့်ပွဲအခမ်းအနားများကို ဇန်နဝါရီလ ၆ ရက်နေ့က အဆိုပါ ကျေးရွာများတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါ ပေါင်းလောင်းမြစ်အရှေ့ဘက်ခြမ်းတွင် တောင်ပေါ်ကျေးရွာ ၆၇ ရွာရှိသည့်အနက် ၂၈ ရွာ၌ ရေအားလျှပ်စစ် မီးစက်များ တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဇန်နဝါရီလ ၇ ရက်နေ့တွင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ကျေးရွာ ၁၇ ရွာရှိအိမ်ထောင်စု ၇၀၀ ကျော်မှ ကျေးလက်မိသားစုများအတွက် အိုင်အိုဒင်းဆားများ၊ အနွေးထည်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာပစ္စည်းများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြင့် တည်ဆောက်ထူထောင်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာအလှူရှင်များ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မား လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် တေဇ(၂၀)ကျောင်းဆင်းအရာရှိများက ငွေ ကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှတ်(၁) သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)နှင့် ပြည်ဓာတ်အားခွဲရုံစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက်နံနက်ပိုင်းတွင် ရွှေတောင်မြို့နယ်ရှိ ပြည်ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (ရွှေတောင်)သို့ ရောက်ရှိပြီး စက်ရုံ၏ ထိန်းချုပ်ခန်းမ၌ စက်ရုံမှူး ဦးခင်မောင်မြင့်က ရွှေတောင်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စက်များ၏ ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး Switch Yard အတွင်း လျှပ်စစ်ဓာတ်အား အဝင်၊ အထွက်လိုင်းများကို ကြည့်ရှုစစ်ဆေးကာ 230 KV တောင်ငူ-ရွှေတောင် မဟာဓာတ်အားလိုင်းလမ်းကြောင်း ဆက်သွယ်ဆောင်ရွက်မည့် အခြေအနေများ၊ 230 KV ရွှေတောင်-ဥသျှစ်ပင် ဓာတ်အားလိုင်းဆက်သွယ်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက်ဝန်ကြီးက မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ဆုံးတည်ဆောက်နိုင်ရေး၊ လက်ရှိ မဟာဓာတ်အားလိုင်းကွန်ရက်စနစ်ဖြင့်ပူးပေါင်း၍ ဓာတ်အားပို့လွှတ်ခြင်း၊ လက်ခံခြင်းနှင့် ထပ်မံတည်ဆောက် ဖြစ်ထွန်းလာမည့် မဟာဓာတ်အားလိုင်းများနှင့်လည်း ယှဉ်တွဲ၍ ဓာတ်အား လက်ခံပို့လွှတ်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း အောင်လံမြို့နယ် ကျောက်စွယ်ကျိုးကျေးရွာအနီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၁)သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြည်က စက်ရုံ၏ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကိုလည်းကောင်း၊ မကွေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းဦးက သံမဏိစက်ရုံသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် စီမံဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက နိုင်ငံတော်အတွက် အရေးကြီးသော စက်ရုံတစ်ရုံဖြစ်သဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သံမဏိစက်ရုံ ဓာတ်အားခွဲရုံအတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် သီးခြားဓာတ်အားလိုင်း တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံ၏ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှုအခြေအနေများနှင့် စက်ရုံအတွင်း သံချောင်းလုံးများ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံကြည့်ရှုပြီး ဝန်ကြီးက ကုန်ထုတ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ 66/11 KV ဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး လက်ထောက်အင်ဂျင်နီယာ ဦးသိန်းမြင့်က ပြည်ဓာတ်အားခွဲရုံ၏ ဓာတ်အားဖြန့်ဖြူးမှု၊ ဓာတ်အားလက်ခံရရှိမှု တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေတောင်မြို့နယ် ပြည်ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (ရွှေတောင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အလက(၁)ပန်းဘဲတန်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ်အဆင့် စာစီစာကုံး ပထမဆုရ သတ္တမတန်းကျောင်းသူ မတင်တင်သော်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် သဃ်န်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသက် ၈၀ နှစ်ပြည့်သူများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသူများနှင့် အလှူငွေလှူဒါန်းလိုသူများ ဒေါက်တာဦးဖေစိန် ဖုန်း-၅၀၃၂၇၀၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉၊ ဦးကြည် မောင် ဖုန်း-၅၄၈၂၈၉ တို့ထံ ဆက်သွယ်ကြရန် နိုးဆော်ထားသည်။ **(က-ပ)**

ကြို့ကုန်းသီရိရတနာဓမ္မာရုံတွင် နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ကြို့ကုန်း အရှေ့ရပ်ကွက် သီရိရတနာဓမ္မာရုံ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ အောင်ဆန်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရကလည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အထိ မဟာစည် နယ်လှည့်ဓမ္မကထိက ထီလာအရှင်သုန္ဒရကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက်အထိ စမ်းချောင်းမြို့နယ် မဏိရတနာကျောင်းတိုက်ဆရာတော် ဓမ္မကထိကဓမ္မာစရိယဦးပညာဇောတကလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း အသိပေးရှင်းလင်းပွဲကို စမ်းချောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၅ ရက်ကပြုလုပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သန်းသန်းနွယ် ရှင်းလင်းဆွေးနွေးစဉ်။ (၀၄)

ဒါဖတ်ပြီးမှ ဈေးဝယ်ပါ

ဦးဖေသိန်း
(လျှပ်စစ်နှင့်အီလက်ထရွန်နစ်)

"ဒီပစ္စည်းကို နေအိမ်မှာရှိတဲ့ ဆော့ကက်ပေါက်တစ်ခုမှာ တပ်ထားလိုက်ရင် အဲဒီအိမ်ရဲ့ လျှပ်စစ်ဓာတ်အား ယူနစ်တက်တာ ၄၅ ရာခိုင်နှုန်း လျော့ကျသွားတယ်"လို့ပြောပြပြီး ရောင်းချနေလေတော့ တွေ့ရှိကြသူ အပေါင်းက စိတ်ဝင်စားကြမှာ သေချာပါတယ်။

တကယ်ဟုတ်ရဲ့လားဆိုတာကတော့ မေးခွန်းထုတ်စရာပါ။

လွန်ခဲ့တဲ့ သုံးလေးလလောက်က ဖြစ်ပါတယ်။ ရန်ကုန်မြို့ ၂၉ လမ်း အလယ်ဘလောက်မှာရှိတဲ့ မိတ်ဆွေတစ်ဦးရဲ့ လျှပ်စစ်ပစ္စည်းဆိုင်ကို ရောက်သွားပါတယ်။ ဘာပစ္စည်းတွေ အသစ်ဝင်သလဲ သိချင်တာကြောင့် ဆိုင်ထဲဝင်ပြီး လေ့လာတာပါ။ ဈေးကွက်ထဲမှာက မကြာမကြာဆိုသလို တစ်ဖက်နိုင်ငံလုပ် ဈေးပေါတဲ့ လျှပ်စစ်နှင့်အီလက်ထရွန်နစ် ပစ္စည်း အသစ်အဆန်းတွေ ဝင်တတ်ပါတယ်။ ဒါတွေကို လျှပ်စစ်ပညာပေး စာပေနဲ့ ဆောင်းပါးတွေ ရေးသားနေသူတစ်ဦးအနေဖြင့် သိထားဖို့ လိုတယ်လို့ ယူဆတာကြောင့် ဈေးကွက်ထဲ မကြာမကြာဆိုသလို ဝင်ရောက်လေ့လာခြင်း ဖြစ်ပါတယ်။

အဲဒီနေ့က ဆိုင်ရှင်က နေအိမ်တွေမှာ လျှပ်စစ်ဓာတ်အားစား တစ်ဝက်လောက် သက်သာအောင် လုပ်ပေးနိုင်တဲ့ ပစ္စည်းအသစ်တစ်မျိုး ရောက်လာကြောင်း၊ နေအိမ်မှာရှိတဲ့ ပင်သုံးချောင်းအတွက် လျှပ်စစ်ဆော့ကက်ပေါက်(3-Pin Socket)မှာ ထိုးတပ်ထားလိုက်ရုံပဲ၊ သုံးရတာ အခက်အခဲမရှိကြောင်း၊ အရွယ်အစားသုံးမျိုးလာကြောင်း၊ တစ်ခုက 5000 W နဲ့ 8000 W နှစ်မျိုးပြောင်းသုံးနိုင်ကြောင်း၊ နောက်တစ်ခုက 8000 Wနဲ့ 12000 W နှစ်မျိုးနဲ့ နောက်တစ်ခုက 12000W နဲ့ 18000W နှစ်မျိုးသုံးနိုင်ကြောင်း ပြောပါတယ်။ ကျွန်တော်က စိတ်ဝင်စားတာနဲ့ ပစ္စည်းတစ်ခုကိုယူလိုက်ပြီး လက်နဲ့ဆကြည့်လိုက်တဲ့အခါ အလေးချိန် ၂၅ ကျပ်သားလောက်ရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ အရွယ်အစားက အကျယ်သုံးလက်မခွဲ၊ အရှည်ငါးလက်မသာသာ၊ အထူ တစ်လက်မခွဲလောက်ရှိလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ မြင်ရတဲ့ ပုံပန်းအရကတော့ သိပ်ပြီးသားသားနားနား မရှိလှပါဘူး။ နိုင်ငံခြားလုပ်မှ ဟုတ်ပါလေစလို့ ယူဆစရာရှိပါတယ်။ ဒါပေမယ့် ဓာတ်အားစား ထက်ဝက်လောက် သက်သာတယ်ဆိုတာက ဆွဲဆောင်မှုရှိနေပါတယ်။ မိမိကများ ခေတ်နောက်ကျကျန်နေခဲ့ပြီလား၊ နည်းပညာအသစ်အဆန်း တွေနဲ့များ လုပ်ထားလေသလားဆိုတဲ့ အတွေးတွေကလည်း တသီတတန်းကြီး ခေါင်းထဲစုပြုံဝင်လာပါတော့တယ်။ စူးစမ်းကြည့်ချင်စိတ်ကို တားမရတော့ပါဘူး။

နှစ်ကာလများစွာက သိကျွမ်းဆက်ဆံလာဖူးတဲ့ မိတ်ဆွေတစ်ဦးရဲ့ လျှပ်စစ်ပစ္စည်းဆိုင်ဖြစ်နေတဲ့အတွက် ရှည်ရှည်ဝေးဝေး မေးမနေမိတော့ဘဲ သူပြောတာကိုပဲ ယုံကြည်လိုက်ပြီး 5000W-8000Wဆိုတာကနှစ်လုံး၊ ဈေးနှုန်းက တစ်လုံးကျပ် ၁၀၈၀၀၊ 8000W-12000Wဆိုတာက တစ်လုံး ဈေးနှုန်းက ကျပ်၁၈၀၀၀၊ 12000W-18000W ဆိုတာက တစ်လုံး ဈေးနှုန်းက ကျပ်၂၂၀၀၀ အားလုံးစုစုပေါင်း ကျပ် ၆၁၆၀၀ ဖိုး ဝယ်လာခဲ့ပါတယ်။

ပုံမှန်အားဖြင့်တော့ မြို့ထဲက ဝယ်ယူလာတဲ့ ရောင်းနေကျ ပစ္စည်းတွေကို မိမိရဲ့အရောင်းဆိုင် ရောက်ရှိလာတဲ့အခါ စာရင်းသွင်း ရောင်းဈေးနှုန်း သတ်မှတ်ပြီး အရောင်းကောင်တာမှာ တင်လေ့ရှိပါတယ်။ ဒီပစ္စည်းကျတော့ နည်းနည်းစိတ်ဝင်စားတာကြောင့် အရောင်းဝန်ထမ်း ကလေးမလေးကို မရောင်းနဲ့ဦး၊ ဘာဘစူးစမ်းဦးမယ်၊ ပြီးမှရောင်းဈေး သတ်မှတ်ပေးမယ်ဆိုပြီး အပ်ထားလိုက်ပါတယ်။ ဒါပေမယ့် အလုပ်တွေရှုပ်နေတာကြောင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပါတယ်။

မကြာမီကမှ ဒီပစ္စည်းကို တောင်းကြည့်လိုက်ပါတယ်။ ပလတ်စတစ်ကော်သားခပ်ညံ့ညံ့နဲ့ လုပ်ထားတာကို တွေ့ရပါတယ်။ ပက်ကင်လည်း မပါရှိပါဘူး၊ အသုံးပြုနည်း လမ်းညွှန်စာရွက်လည်း မတွေ့ပါဘူး။ ဘာပစ္စည်းလဲဆိုတဲ့ အမည်တောင်မပါတာ အခုမှသတိပြုမိပါတယ်။

ပစ္စည်းရဲ့ မျက်နှာပြင်ပေါ်မှာ KING ဆိုတဲ့ စာသားနဲ့ ဖဲချပ်ရဲ့ KING အရုပ်မှာပါတဲ့ သရဖူပုံရိုက်ထားတယ်။ ယူကြည့်လိုက်တဲ့ ပစ္စည်းရဲ့ မျက်နှာပြင်ပေါ်မှာ 220Volt, 5000w-8000w ဆိုတဲ့ စာသားကို တွေ့ရတယ်။ 1/2 Amp အရွယ် တွန်းခလုတ် အသေးစား တစ်ခုပါရှိတယ်။ L.E.D မီးလုံးနှစ်လုံးတွေ့ရတယ်။ ကျောဘက်မှာ အသားတံဆိပ် မထင်မရှားပါရှိတာ တွေ့ရတယ်။

ဒီပစ္စည်းရဲ့ အပေါ်ပိုင်းမှာ ဘဲခြေထောက်ပုံ အမျိုးအစား (3-pin Plug) တစ်ခုကို လေးလက်မခန့်အရှည် သုံးပင်ပူး ဝါယာကြိုးပျော့(3-Core Flexible Wire)နဲ့ ဆက်သွယ်ထားတယ်။ ဒီပလပ်တံကို အိမ်မှာရှိတဲ့ ဘဲခြေထောက်ပုံ(3-Pin Socket)မှာ တပ်လိုက်ရမှာဖြစ်တယ်။ ပင်သုံးချောင်း ပလပ်တံနဲ့ သုံးပင်ပူး ဝါယာ (3-Core Wire)ကို အသုံးပြုထားပေမယ့် အပ်ဖမ်းရမယ့် ဝါယာကြိုးတစ်စကို တုံးတိဖြတ်ထားပြီး အပ်ဖမ်းရမယ့် ပလပ်တံကိုလည်း အလွတ်ထားတာ တွေ့ရတယ်။ နိုင်ငံခြားကလာတဲ့ ပစ္စည်းဟူသ၍ ဒီလိုမျိုးလုပ်ထားတာ မတွေ့ဖူးပါဘူး။

ရောင်းချသူပြောသလို ပလပ်တံကို ဆော့ကက်မှာ တပ်ကြည့်လိုက်တော့ ထူးခြားမှုဘာတစ်ခုမျှ မရှိတာတွေ့ရတယ်။ ဒီတော့ ပစ္စည်းအပေါ် သံသယ စိတ်တွေဝင်လာပါတော့တယ်။ ဒါကြောင့် ပလတ်စတစ်ဘူးခွံကို ဝက်အူလှည့်နဲ့ ကလန့်ဖွင့်ကြည့်ပါတယ်။ ကော်နဲ့ အခိုင်အမာ ကပ်ထားတာကြောင့် လွယ်လွယ်နဲ့ဖွင့်လို့မရပါဘူး။ ဘူးခွံကွဲသွားနိုင်ပါတယ်။ သိချင်စိတ်ပြင်းပြလာတဲ့အတွက် ကဲ–ကွဲချင် ကွဲပါစေဆိုပြီး မပွင့်ပွင့်အောင် ဇွတ်လှည့်လိုက်တဲ့အခါကျမှ ပွင့်သွားပါတယ်။ ကွဲမသွားပါဘူး။

အတွင်းပိုင်းမြင်ကွင်းက စိတ်မသက်သာစရာပါ။ ၂၀ကျပ်သားခန့်ရှိတဲ့ ဘိလပ်မြေခဲတစ်ခုကို တွေ့ရတယ်။ ဒီအခဲကို ခွာယူလိုက်တော့ အောက်မှာ ပလတ်စတစ်ပါးလွှာတစ်ခုကို တွေ့ရတယ်။ အဲဒီအောက်မှာ အီလက်ထရွန်နစ် လုပ်ငန်းသုံး ပုံနှိပ်ဆားကစ် (Printed Circuit) ပြားတစ်ခုကိုတွေ့ရတယ်။ အလေးချိန် စုစုပေါင်းက ၂၅ ကျပ်သားရှိတာ တွေ့ရတယ်။

ဒီဆားကစ်ပြားပေါ်မှာ တပ်ဆင်ထားတဲ့ အစိတ်အပိုင်းတွေကို လေ့လာကြည့်ပါတယ်။ တွေ့ရတာက အီလက်ထရွန်နစ်အစိတ်အပိုင်းဆိုလို့ လောက်လောက်လားလား ဘာတစ်ခုမှ မပါပါဘူး။ ပုံးခွံပေါ်မှာ ရိုက်နှိပ်ထားတဲ့ 5000W, 8000W, 12000W, 18000W ဆိုတဲ့ လျှပ်စစ်စွမ်းအားပမာဏကို ထိန်းနိုင်ဖို့ဝေးစွ၊ လျှပ်စစ်စွမ်းအား ဆယ်ဂဏန်းကို တောင်ထိန်းနိုင်မယ့်ပုံမမြင်ပါဘူး။ အသုံးပြုတပ်ဆင်ထားတဲ့ ပစ္စည်းတွေထဲမှာ ထရန်(စ)ဖော်မာမပါဘူး။ ထရန်စစ္စတာ (Transistor)မပါဘူး၊ အိုင်စီ (I.C) ဆိုတာကတော့ ဝေးလာဝေးပါပဲ။

အတွင်းပစ္စည်းတွေရဲ့ တန်ဖိုးကို ခန့်မှန်းတွက်ချက်ကြည့်ပါတယ်။ တစ်ခုကို ကျပ် ၁၀လောက်တန်တဲ့ လျှပ်ခံပစ္စည်းက သုံးခု၊ ပေါင်း ကျပ် ၃၀၊ တစ်ခုကို ကျပ် ၂၀ ခန့်တန်တဲ့ အလွန်သေးငယ်တဲ့ ကက်ပယ်စီတာ (Capacitor) က နှစ်ခု၊ ပေါင်း ကျပ် ၄၀၊ ကျပ် ၅၀လောက်တန်တဲ့ ပုံနှိပ်ဆားကစ်ပြားက တစ်ချပ်၊ အီလက်ထရွန်နစ် အစိတ်အပိုင်းတစ်ခု ရယ်လို့ ထင်ယောင်ဝိုးဝါးဖြစ်စရာရှိတဲ့ ဖရီကွင်စီအမြင့်စား ချုပ် (High Frequency Choke)က တစ်ခုကို တွေ့ရတယ်။ ထားပါ။ ဒီပစ္စည်းက ကျပ် ၁၅၀ဆိုပါစို့။ စုစုပေါင်း လွန်ရောကျွံရော ကျပ် ၂၇၀ လောက် ရှိပါတယ်။ တပ်ဆင်ခတစ်ခု ကျပ် ၅၀၀ ထားလိုက်ပါဦး၊ စုစုပေါင်း ကျပ် ၇၇၀ထက် မပိုပါဘူး။ အပြင်ပန်းက တွေ့ရှိရတဲ့ ပစ္စည်းတွေရဲ့ ခန့်မှန်းခြေတန်ဖိုးကို ဆက်လက်ပြီးတွက်ကြည့်ပါတယ်။ ကျပ် ၂၀ လောက်တန်တဲ့ L.E.Dက နှစ်လုံး၊ ပေါင်း ကျပ် ၄၀။ ခလုတ်ငယ်က ကျပ် ၅၀၊ ဘူးခွံက ကျပ် ၂၀၀ ထားပါ၊ ဝါယာကြိုးက ကျပ် ၅၀ ထားပါ၊ ၁၀အင်ပီယာ ပလပ်တံက ကျပ် ၁၅၀ ဆိုရင် အပြင်ပန်းအမြင် အစိတ် အပိုင်းများရဲ့တန်ဖိုး စုစုပေါင်းက ကျပ် ၅၀၀တောင် မပြည့်ပါဘူး။ ဒီတော့အတွင်း၊ အပြင် ပစ္စည်းတန်ဖိုးနဲ့ လက်ခတွေကို ပေါင်းလိုက်ရင် ကျပ် ၁၂၅၀ လောက်ပဲ ရှိပါလိမ့်မယ်။

12000W-18000W လို့ရေးထားတဲ့ နောက်တစ်လုံး ထပ်ဖွင့်ကြည့်ပါတယ်။ ဒီမှာကျတော့ ပုံနှိပ်ဆားကစ်ပြားပေါ်မှာ ဘိလပ်မြေခဲကို ကြားခံမပါဘဲ တိုက်ရိုက်ဖိထားတာတွေ့ရတယ်။ ထင်မြင်ယူဆရတာက မူလတုန်းက ဘိလပ်မြေ စိုထိုင်းထိုင်းရှိနေခိုက်မှာ ထည့်လိုက်တာ ဖြစ်ပုံရပါတယ်။ ဝက်အူလှည့်နဲ့ အားကုန်လှည့်တာတောင် အလွယ်တကူ ကွာမထွက်ပါဘူး။ ပလာယာကိုပါကူပေးပြီး ခက်ခက်ခဲခဲကလေး ဖြုတ်ယူ လိုက်ရပါတယ်။ ပါတဲ့အစိတ်အပိုင်းတွေ ကတော့ 5000W အတိုင်းပါပဲ၊ ရောင်းဈေးနှုန်းကသာ ကျပ် ၁၀၂၀၀ ကနေ ကျပ်၂၂၀၀၀ ဖြစ်သွားတာပါ။

ဘိလပ်မြေခဲထည့်ထားတာက လေးလေးပင်ပင်ဖြစ်အောင်ရယ်၊ အလွယ်တကူ လေ့လာလို့မရအောင်ရယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိရှိနဲ့ စီမံထားတာလို့ ထင်ရပါတယ်။

ဒါ့ကြောင့် ဒီပစ္စည်းကိုကြည့်ပြီး **"လုပ်ရက်ပါပေ့လို့"**၊ စိတ်ထဲမှာ ခံစားလိုက်ရပါတယ်။ ကျွန်တော်က အလိမ်အညာကြီးကို ချီးကျူးရာ ရောက်သွားမှာစိုးလို့ **"မိုက်ပါပေ့လို့"**မသုံးချင်ပါဘူး။ နာကြည်းစိတ်နဲ့ **"လုပ်ရက်ပါပေ့"**လို့ပဲ သုံးချင်တာ ဖြစ်ပါတယ်။

ဒီလိုလုပ်ရပ်ကြောင့် ငွေ ငါးသောင်း၊ ခြောက်သောင်းဖိုး ဆုံးသွားနိုင်ပါတယ်။ နမြောစရာပါ။ ဒါပေမယ့် သိချင်စိတ်၊ စူးစမ်းချင်စိတ်က ကျွန်တော့်အပေါ် လွှမ်းမိုးအနိုင်ရသွားခဲ့ပါတယ်။

ဒီဖြစ်ရပ်အရ စားသုံးသူတွေရဲ့ အခွင့်အရေးကာကွယ်ဖို့၊ ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြဖို့ နှီးဆော်ရင်း ဝိသမလောဘသမားတွေရဲ့ မသမာတဲ့လုပ်ရပ်ကို ဖော်ထုတ်သွားကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

ဓမ္မဗိမာန်ကျောင်းဆောင်သစ်အတွက် ငွေလှူ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက် ဟသ်ာလမ်းရှိ အောင်မြေဗိမာန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ (Ph.D)၏ မွေးနေ့မင်္ဂလာနှင့် ကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ဓမ္မဗိမာန်သုံးထပ်ကျောင်းဆောင်သစ်အတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၇ ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်အသီးသီး၏ စုပေါင်း လှူဒါန်းငွေကျပ် ၁၅သိန်းကို ဓမ္မဗိမာန်ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးအောင်ခိုင်၊ ဥက္ကဋ္ဌ ဦးမြင့်လွင်၊ အတွင်းရေးမှူး ဦးဝင်းဌေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ကျောင်းဆောင်သစ်အတွက် လှူဒါန်းလိုပါက အောင်မြေဗိမာန် စာသင်တိုက် ဆရာတော် ဖုန်း–၅၆၂၀၂၅၊ ဥက္ကဋ္ဌ ဦးမြင့်လွင် (ဂဠုန်ရာဇာဆေးတိုက်) ဖုန်း–၀၉၅၁၅၉၁၂၈၊ အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း–၀၉၉၉၂၆၇၉၆၊ ၂၅၄၇၁၄ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁–၁–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၃၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅ ၁၅။ **လှုပ်လှုပ်ရှားရှားပုံရိပ်များ**
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း–၁၉)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နောက်ဆုံးပစ်မှတ်" (အပိုင်း–၂၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွှန့်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ် ဦးစီးမှူး ဒေါ်မြင့်အေးက လွတ်လပ်ရေးနေ့ အခွန့်ရှည်တည်တံ့ရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ကျောင်းသား၊ ကျောင်းသူများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

(မြို့နယ်/ပြန်ဆက်)

ဆိုမာလီတောင်ပိုင်းသို့ အမေရိကန်လေယာဉ် ဝင်ရောက်တိုက်ခိုက်

နိုင်ရိုဘီ ဇန်နဝါရီ ၉

အမေရိကန် လေတပ်လေယာဉ်များသည် ယမန်နေ့က ဆိုမာလီနိုင်ငံတောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ယနေ့တွင်လည်း ဒုတိယနေ့အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြကြောင်း သတင်းများက ဖော်ပြသည်။

ဒုတိယနေ့ ဆက်လက်တိုက်ခိုက်မှုတွင် အနည်းဆုံးရဟတ်ယာဉ်နှစ်စင်းပါဝင်ပြီး ယခင်နေ့က နေရာ၌ပင် တိုက်ခိုက်ခြင်းဖြစ်သည်။ အသေအပျောက် အထိအခိုက်စာရင်း မရှိသေးဟု ဆိုသည်။

ယခုတိုက်ခိုက်မှုများသည် ဆိုမာလီတောင်ပိုင်းဒေသ၌ ဖြစ်ပွားခဲ့ကြောင်းကို ဆိုမာလီ အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ပထမနေ့က တိုက်ခိုက်မှုပြုလုပ်ရာ၌ အမေရိကန်တို့၏ အေစီ-၁၃၀ အမြောက်တင်လေယာဉ်များပါဝင်ပြီး ယင်းတိုက်ခိုက်မှုကို အမေရိကန်အထူးတိုက်ခိုက်ရေး ကွပ်ကဲမှုအဖွဲ့က စီစဉ်ခြင်းဖြစ်ပြီး အဆိုပါ လေယာဉ်များသည် ဂျီဘူတီနိုင်ငံမှ ပျံသန်းလာခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ခဲ့သော ဆိုမာလီတောင်ပိုင်းရှိ ကျေးရွာသည် ဘာဒေးလ်ကျေးရွာဖြစ်ကြောင်း ဆိုမာလီနိုင်ငံ အသွင်ကူးပြောင်းရေး အစိုးရပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒီရည်မန်ဒီနာရီက သာဒိုအာဒေသမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ပြောကြားသည်။ ယင်းအရပ်သည် အသွင်ကူးပြောင်းရေး အစိုးရရုံးစိုက်ရာဒေသဖြစ်သည်။

အင်တာနက်။

ဆိုမာလီနိုင်ငံ တောင်ပိုင်းသို့ ကျူးကျော် ဝင်ရောက် တိုက်ခိုက်ခဲ့သည့် အမေရိကန် အေစီ-၁၃၀ အမြောက်တင် လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်

အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်မှုဖြစ်ပေါ်စေဟုဆို

ပါရီ ဇန်နဝါရီ ၉

အီရတ်စစ်ပွဲကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်စေကြောင်း ပြင်သစ် သမ္မတ ဂျက်ရှီရက်က သံတမန်များအား သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လက တိုက်ခိုက်ခဲ့သည့်စစ်ပွဲအပေါ် ပြင်သစ်သမ္မတက အပြင်းအထန် ပြစ်တင်ပြောကြားသည်။

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ပြင်သစ်က သတိပေးခဲ့သလို ယင်းစစ်ပွဲကြောင့် ယနေ့တိုင် ဆိုးကျိုးများ ပေါ်ပေါက်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်လုနီးနီးရှိနေချိန်တွင် အီရတ်ရှိ တပ်ဖွဲ့ဝင် ၁၃၀၀၀၀ ကို ကျားကန်သည့်အနေဖြင့် နောက်ထပ်တပ်ဖွဲ့ဝင်များ စေလွှတ်နိုင်ရန် သမ္မတဘုရှ်က မဟာဗျူဟာသစ်တစ်ရပ် ချမှတ်ဖွယ်ရှိနေသည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

အီရတ်စစ်ပွဲကြောင့် ဒေသတစ်ခုလုံး တည်ငြိမ်မှု ပျက်ပြားခဲ့ရပြီး ယခုအချိန်တွင် လုံခြုံရေးနှင့် လွတ်လပ်ရေးအတွက် ထိခိုက်ဆုံးရှုံးမည်ကို စိုးရိမ်မကင်း ဖြစ်နေကြသည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားခရီးသွားနှစ်(၂၀၀၇) ပွဲတော် စတင်ကျင်းပ

ကွာလာလမ်ပူ ဇန်နဝါရီ ၉

အချိန်တစ်နှစ်ကြာမျှယူ၍ ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက်ပိုင်း မလေးရှားအာဏာပိုင်များသည် မလေးရှား ခရီးသွားနှစ် (၂၀၀၇ခုနှစ်) ပွဲတော်ကို ဇန်နဝါရီ ၆ ရက် ညပိုင်းမှစ၍ ကျင်းပခဲ့သည်။

ယင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေး ပွဲတော်သည် တတိယအကြိမ် ကျင်းပပြုလုပ်သော ပွဲတော်ဖြစ်ပြီး အကြီးအကျယ်ဆုံး ပြုလုပ်သည့် ပွဲတော်လည်း ဖြစ်သည်။

တီတီဝန်ဂါ ဥယျာဉ်ကန်တော်အတွင်း ကျင်းပသည့် ထိုဖွင့်ပွဲအခမ်းအနားကို မလေးရှား ဝန်ကြီးချုပ် အဗ္ဗဒူလ် အာမက်ဘာဒါဝီ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖိတ်ခေါ်

အဆိုပါအခမ်း အနားသို့ မလေးရှားရှိ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများနှင့် မလေးရှား လူမျိုး ထောင်ပေါင်းများစွာတို့ တက်ရောက်ကြသည်။ ယဉ်ကျေးမှုစုံရှိသော၊ သဘာဝအလှ ပေါများသော မလေးရှားနိုင်ငံ၏ သာယာလှပမှုများကို မျှဝေခံစားရေးအတွက် မိမိနိုင်ငံသို့ လာရောက်ကြရန် ဝန်ကြီးချုပ် ဘာဒါဝီက ကမ္ဘာ့နိုင်ငံများကို ဖိတ်ခေါ်လိုက်သည်။

မျှော်မှန်းထား

မလေးရှားခရီးသွားနှစ် ဖွင့်ပွဲ အခမ်းအနားကို နိုင်ငံ၏ အနှစ် ၅၀ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား အချိန်အခါနှင့် တိုက်ဆိုင် ကျင်းပခြင်းဖြစ်သည်။ ဤလုပ်ငန်းမှ ၂၀၀၇ခုနှစ်အတွင်းတွင် ခရီးသည် သန်း ၂၀ ကို ဆွဲဆောင်နိုင်ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၂ဒသမ ၃၆ဘီလီယံရရှိမည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် ခရီးကြမ်းကားမောင်းပြိုင်ပွဲဝင် ကားတစ်စီးကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီး၌ ရွှံ့မြေပြိုကျ ၅၀ သေဆုံး

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၉

ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှံ့မြေပြိုကျမှုဖြစ်ပွားပြီး လူ ၅၀ သေဆုံးသွားကြောင်း ဘရာဇီးနိုင်ငံ အရပ်ဘက်ကာကွယ်ရေးဌာနက တနင်္လာနေ့တွင်ကြေညာသည်။

ရီယိုဒီဂျနေရိုးပြည်နယ်၌ ရွှံ့မြေပြိုမှုဖြစ်ပွားသဖြင့် လူ ၂၇ဦး သေဆုံးသွားသည်။ ခရိုင်အများအပြား၌ အိမ်များ ပျက်စီးသွားပြီးနောက် အရေးပေါ်အခြေအနေ ကြေညာထားသည်။

ပြည်နယ်အတွင်းရှိ လူပေါင်း ၁၅၀၀၀ ကျော်မှာ နေအိမ်များကို စွန့်ခွာသွားကြရသည်။ အစိုးရက ၎င်းဒုက္ခသည်များအား ထောက်ပံ့ရန် ကယ်ဆယ်ရေး ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၂၆ ဒသမ ၅ သန်း ခွဲဝေသတ်မှတ်ထားသည်။

ရီယိုဒီဂျနေရိုး၊ မီနတ်စ်ဂီရိုင်စ်နှင့် ဆော်ပေါလိုပြည်နယ်တို့တွင် မိုးရေချိန် ၃ ဒသမ ၉ လက်မမှ ၅ ဒသမ ၁ လက်မအထိ ထပ်မံရွာသွန်းနိုင်ကြောင်း မိုးလေဝသ ခန့်မှန်းရေးမှူးများက သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ် ပို့ကုန်လုပ်ငန်းဝင်ငွေ ဒေါ်လာ ၄၇ဘီလီယံကျော် မျှော်မှန်း

ဟနွိုင်း ဇန်နဝါရီ ၉

ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ယခုနှစ်တွင် ပို့ကုန်လုပ်ငန်းဝင်ငွေ အမေရိကန် ဒေါ်လာ ၄၇ဒသမ ၅၄ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်နှင့် အစိုးရတို့ ချမှတ်ထားသည့် ရည်မှန်းချက်ထက် ကျော်လွန်မည်ဖြစ်ကြောင်း ဗီယက်နမ်အီကော်နောမစ်တိုင်းစ်အမည်ရှိ သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ကြေညာ

ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် အစိုးရတို့က ယခုနှစ်တွင် ပို့ကုန်လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ဒသမ ၅ဘီလီယံရရှိမည်ဟု မျှော်မှန်းကြောင်း မကြာသေးမီက ကြေညာခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ယမန်နှစ်က ပို့ကုန်လုပ်ငန်းဝင်ငွေ အမေရိကန် ဒေါ်လာ ၃၉ဒသမ ၆ဘီလီယံမျှသာ ရရှိခဲ့သည်။ သို့သော် ယခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၇ဒသမ ၅၄ဘီလီယံ ရရှိမည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ခုနှစ်တွင် ပင်လယ်ထွက် အစားအစာ၊ ဆန်၊ ကော်ဖီ၊ ရော်ဘာ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ရေနံစိမ်း၊ ကျောက်မီးသွေး၊ အဝတ်အထည်နှင့် အထည်အလိပ်၊ ဖိနပ်၊ အီလက်ထရွန်းနစ်နှင့် ကွန်ပျူတာအစိတ်အပိုင်းများ၊ သစ်သားထည် ပစ္စည်းများနှင့် လက်မှုပညာ ပစ္စည်းများ တင်ပို့မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ညာနိုင်ငံ မာရာမြစ်ကိုဖြတ်ကျော်ပြီး စားကျက်ပြောင်းရွှေ့နေကြသည့် အာဖရိကကျွဲရိုင်းများကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်တပ်ဖွဲ့ဝင် ၄၀၀၀၀ အီရတ်သို့ ထပ်မံစေလွှတ်ဖွယ်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၉

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် အီရတ်နိုင်ငံသို့ နောက်ထပ် တပ်ဖွဲ့ဝင် ၄၀၀၀၀ စေလွှတ်နိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ယခုလောလောဆယ် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၂၀၀၀ ရှိသည်။ အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင်အင်အား မြှင့်တင်နိုင်ရန် အမေရိကန်တပ်ဖွဲ့ကို ထပ်မံစေလွှတ်မည် ဖြစ်သော်လည်း အစိုးရက အတိအကျ ဖွင့်ဟပြောကြားခြင်းမရှိသေးကြောင်း မီဒီယာသတင်းများတွင် ဖော်ပြထားသည်။

သမ္မတဘုရှ်သည် အီရတ်နိုင်ငံသို့ နောက်ထပ် တပ်ဖွဲ့ဝင် ၄၀၀၀၀ အထိ စေလွှတ်ရန်ရှိပုံကို လာမည့် ရက်သတ္တပတ်တွင် ကြေညာဖွယ်ရှိကြောင်း စီအင်န်အင်န် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။ ***အင်တာနက်။***

(11-1)04.P65 1 32/11/8, 2:26 PM

စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသော ၂၀၀၆–၂၀၀၇ ခုနှစ် တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကိုနံနက် ၉နာရီတွင်ကျင်းပရာ သုံးခွကျေးရွာ ဘော်လီဘောအသင်းက မန်းကလိတ်ကျေးရွာ ဘော်လီဘောအသင်းကို အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ နေရာအလိုက် အကောင်းဆုံး ဘော်လီဘောသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘော်လီဘောသမားနှင့် ပထမ၊ ဒုတိယ ရရှိသော ဘော်လီဘော အသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းဆုနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော သုံးခွကျေးရွာ ဘော်လီဘောအသင်းကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်အားပေး

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်း၌ ကျင်းပသည့် တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲတွင် ကံကြီး–မကျီးရပ်ကွက် ဘောလုံးအသင်းက မြို့ပေါ် ညွှန့်ပေါင်း ဘောလုံးအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ ရှေးဦးစွာ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသည့် အားကစားပစ္စည်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင်က ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နေရာအလိုက်အကောင်းဆုံး ဘောလုံးသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော ကံကြီး–မကျီးရပ်ကွက် ဘောလုံးအသင်းကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသွားသော သုံးခွကျေးရွာ ဘော်လီဘော အသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။ (စွမ်းအင်)

ပဋ္ဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်းနှင့် ပါဠိစာပေသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

သာသနာရေးဦးစီးဌာန အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းမှ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမဆောင်ကြီးတွင် ဇန်နဝါရီ ၁၃ ရက် (စနေနေ့)မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)များတွင် ပဋ္ဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်းကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း၊ ပါဠိစာပေသင်တန်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှ ညနေ ၄ နာရီအထိလည်းကောင်း သင်ကြားပို့ချမည်ဖြစ်၍ တက်ရောက်လိုသူများသည် ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟကျောင်းဆောင် ဖုန်း–၆၆၆၁၄၈ နှင့် ၆၆၅၄၆၇ တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မြိုင်ဆရာတော် တရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ) နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် လယ်တီစံမဟာစည်ရိပ်သာ ဓမ္မသဘင်တွင် ည ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

လှိုင် အထက(၂)သို့ ရေသန့်စက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၀

လှိုင်မြို့နယ် အထက(၂)တွင် အသုံးပြုရန်အတွက် အလှူရှင် အထက်တန်းပြဆရာဦးမင်းဇော်၊အထက်တန်းပြဆရာမ (ငြိမ်း)ဒေါ်မြမြ၊ သား မောင်ဇော်ထက်ခိုင်မိသားစုက ရေသန့်စက်၊ ရေသန့်ဘူးများနှင့် အခြားကျောင်းသုံးပစ္စည်းများ တန်ဖိုးငွေကျပ် ၁၅ သိန်းကို လှူဒါန်းပြီး စာရွက်စာတမ်းများ ပေးအပ်ရာ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကြည်က လက်ခံရယူကြောင်း သိရှိရသည်။

(က–ပ)

လှူဒါန်း

ဗဟန်းမြို့နယ် ဦးဖိုးစိန်လမ်းနေ ဦးကောင်း–ဒေါ်ညွန့်ညွန့်မိသားစုက နှစ်(၄၀)မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က–ပ)

ကျောက်တန်းမြို့နယ် ပုတ္တလုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက်ပထမဆုရရှိသူ မောင်သူရိန်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာကြည် ဂုဏ်ပြုဆုချီးမြှင့်စဉ်။(ပညာရေး)

ဟေမဝန္တ ဓမ္မသဘင် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁) ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက်တွင် (၁၁)ကြိမ်မြောက် ဟေမဝန္တ ဓမ္မသဘင် အထူးတရားပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ၁၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၇ ရက်တွင် မေတ္တာရှင်အရှင်ဇဝန၊ ၁၈ ရက်တွင် တွံတေးအရှင်ဣန္ဒက၊ ၁၉ ရက်တွင် မဟာမြိုင်ဆရာတော် ဦးရာဇိန္ဒ၊ ၂၀ ရက်တွင် မေတ္တာအေး အရှင်သုဇာတနှင့် ၂၁ ရက်တွင် စစ်ကိုင်း ရွှေဟင်္သာဆရာတော် အရှင်အာစာရာလင်္ကာရတို့က ညစဉ် ၇ နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က–ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၄ ရက်က တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်သီတာ ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၅၂၆)

ပညာရေးလမ်းညွှန်မှု ဂျာနယ်
(ဝိဇ္ဇာ / သိပ္ပံ)

၂၀၀၆-၀၇ ပညာသင်နှစ်
တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ
မရှိမဖြစ် လက်ကိုင်ပြုထားရမည့် တစ်ခုတည်းသော ပညာရေးလမ်းညွှန်မှု ဂျာနယ်
အငြိမ်းစားပါမောက္ခကြီးများက အထူးထုတ်အတွက် အထူးလမ်းညွှန်ပို့ချထားသည်။

အတွဲ ၁၊ အမှတ် ၁၀ အထူးထုတ်

Exam: Special SET (A) ၁၆ - ၁ - ၂၀၀၇ ရက်နေ့တွင် စတင်ဖြန့်ချိမည်

Exam: Special
ထွက်ရှိမည့်ရက်များ

Set A	အတွဲ ၁ အမှတ် ၁၀ ဇန်နဝါရီ ၁၆ ရက်
Set B	အတွဲ ၁ အမှတ် ၁၁ ဖေဖော်ဝါရီ ၁ ရက်
Set C	အတွဲ ၁ အမှတ် ၁၂ ဖေဖော်ဝါရီ ၁၆ ရက်
Set D	အတွဲ ၁ အမှတ် ၁၃ မတ် ၁ ရက်

ဖြန့်ချိရေး Media Group ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်၊ ဖုန်း ၂၅၆၆၂၁ ၅၀၁၀၀၆

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်(၂၀၀၇) လုပ်ငန်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇)လုပ်ငန်းရှင်လင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်း၌ ဝက်သက်ရောဂါ ကာကွယ်ဆေးကို ပုံမှန်ဆေးထိုးလုပ်ငန်းအဖြစ် ၁၉၈၇ခုနှစ်တွင် အသက်(၉)လအရွယ် ကလေးများကို ထိုးပေးခြင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်း၌ ဝက်သက်ရောဂါ အစုလိုက် ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို အသက်(၉)လမှ (၅)နှစ်အထိ ကလေးငယ်များကို ၂၀၀၃ခုနှစ်အတွင်း အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်အရ ရန်ကုန်တိုင်းအတွင်းရှိ အသက်(၉)လမှ (၅)နှစ်အောက်ကလေး ရှစ်သိန်းကျော်ကို ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ကာကွယ်ဆေးများ ထိုးပေးသွားမှာဖြစ်ကြောင်းနှင့် ဝက်သက်ရောဂါ ပပျောက်သွားအောင် အင်တိုက်အားတိုက် ဆက်လက်ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ကူးစက်ဆရာဝန်ကြီး (အောက်မြန်မာပြည်) ဒေါက်တာဒေါ်မြသန်းနွယ်က အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၆ရက်က သဃ်န်းကျွန်းမြို့နယ် အလက(၄) ပညာရေးစုံညီပွဲတော်ကို အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးတင့်လွင်၊ ကျောင်းအုပ်ဆရာကြီး ဦးကိုတင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးငြိမ်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်း မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက်(၂၀၀၇)"

၂၀၀၇ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့မှ (၂၇)ရက်နေ့ (ပထမအကြိမ်)
(ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း)
၂၀၀၇ခုနှစ် မတ်လ (၁၇)ရက်နေ့မှ (၃၀)ရက်နေ့ (ဒုတိယအကြိမ်)
(ပြည်နယ်အားလုံး၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်းအလယ်ပိုင်း)
၂၀၀၇ခုနှစ် မေလ (၁၄)ရက်နေ့မှ(၂၇)ရက်နေ့ (တတိယအကြိမ်)
(ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း)

အသက်(၉)လမှ(၅)နှစ်အောက်ကလေးများအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြစို့

တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

တပ်မတော် ကလေးများကျောင်း (မင်္ဂလာဒုံ)(ယခု အထက-၁၊အထက-၅)တို့တွင် ၁၉၄၉-၁၉၆၉ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)မင်္ဂလာဒုံ (ဝါယာလက်) မြရောခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအောင်ရွှေ-ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးအုံ့ကူ ဖုန်း-၆၄၂၀၂၉၊ ဦးခင်မောင်ရင် ဖုန်း-၅၆၀၅၂၄၊ ဦးအေးကို ဖုန်း-၆၀၀၁၉၃၊ ဒုတိယဗိုလ်မှူးကြီးစန်းစန်းတင့် ဖုန်း-၀၃၁-၃၅၂၈၄၊ ဗိုလ်မှူးအုန်းသောင်(ငြိမ်း) ဖုန်း-၆၃၅၃၉၆ နှင့် ဒေါ်ကြည်ကြည်မြင့် ဖုန်း-၆၃၅၀၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ် ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော(၇၅)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြို ဓမ္မသဘင်တွင် ဇန်နဝါရီ ၁၃ရက်(စနေနေ့)၌ ခင်မကန် ဦးခေမိန္ဒ၊ ၂၀ရက်(စနေနေ့)တွင် အောင်စကြာ ဦးစန္ဒာသိရီ၊ ၂၇ရက်(စနေနေ့)တွင် တွံတေး ဦးဣန္ဒကတို့က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ညစဉ် ၇နာရီမှစ၍ တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပန်းတစ်ပွင့်တောင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာပြုရိပ်သာ ပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၁၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ဘုမ္မာဆွမ်းလောင်းအောင်ပွဲ၊ ဇန်နဝါရီ ၃၀ ရက်တွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ဦးအောင်သန်း-ဒေါ်စန်းတင် မင်္ဂလာမဏ္ဍပ်၊ ဖေဖော်ဝါရီ ၂ ရက်တွင် နွယ်သာကီ(၃)လမ်း မင်္ဂလာမဏ္ဍပ်၊ ၁၅ ရက်တွင် ရွှေပြည်သာမြို့နယ်(တ) ၁၅ ရပ်ကွက် မင်္ဂလာမဏ္ဍပ်၊ ၂၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ၃/ခ ရပ်ကွက်တို့တွင် ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား တရားပွဲပင့်လျှောက်လိုပါက ဖုန်း-၀၅၅-၂၀၂၅၉၊ ၀၅၅-၂၀၅၃၃ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၆ ရက်က ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် အားကစားလှုပ်ရှားမှုအဖြစ် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ အနော်ရထာအသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညို ဒိုင်းဆုချီးမြှင့်စဉ်။ (ပညာရေး)

ရှောင်လေဝေးဝေး မူးယစ်ဆေး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရတနာသုံးပါးတန်ခိုး တရားတော် (သီတဂူဆရာတော်) (အပိုင်း-၁)
၈း၀၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့် ဂီတ)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်းအနုပညာရေးရာ
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေးဆပ်ပြာမွှေး
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	Music Talk (ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနှင့်တွေ့ဆုံခြင်း)(အပိုင်း-၁)
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အင်းသားဘဝ၊အင်းသားအလှ)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	သွားမယ်၊ စားမယ် (Mr. Guitar SUKI HOUSE)
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	ပြည်တွင်းမှာပင်ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်းသားရေအိတ်များ
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက်၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းအေးမြသီတာခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က အမှာစကားများ အသီးသီး ပြောကြားကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးစဏ်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ထူးချွန်ကျောင်းသားလူငယ်များအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ဇာတိမာန်သီချင်းဖြင့် ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ကြပြီး အမှာစကား အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ နည်းပညာကောလိပ် ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၃၀၀ကို ပေးအပ်ကြရာ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးရားဝမ်ဂျူက လက်ခံပြီး တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က ကျောင်းအတွက် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် နည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသန့်ဇော်ဝင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဝန်းသိုကျောင်းတိုက်အတွင်း ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးလှူဒါန်းဆောင်ရွက်ပေးသည်။

တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ကျင်းပသော ရိုးရာမနောပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသအသီးသီးမှ တိုင်းရင်းသားများအား ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်အားပေးစကားများ ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုသိနာသယလမ်း ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကုသိနာသယလမ်း၌ စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၅ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်–အင်းမ)၊ ဇန်နဝါရီ ၁၆ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြယ်တစ်ပွင့်)နှင့် ဇန်နဝါရီ ၁၇ ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အောက်ရုံရပ်ကွက်၊ ဇေတဝန်ကျောင်း ဓမ္မရိပ်သာတွင် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၉ရက်မှ တပို့တွဲလပြည့်ကျော် ၂ရက် (ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၃ရက်)အထိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူကာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သိရီဝေလာစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက အရှင်ကုန္ဒာသဘသိရီက ဝိပဿနာ အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်မည့် သံဃာတော်များနှင့် ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများလှူဒါန်းလိုပါက ဇေတဝန်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာနေယျ ဖုန်း–၇၀၇၁၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ခရမ်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၅ရက်နံနက်ပိုင်းက ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဦးသန့်ဇင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင့်လွင်တို့က အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးမင်းအောင်က မြို့နယ် စည်းရုံးရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ ပညာရေးထောက်ပံ့ငွေကျပ်နှစ်သောင်းကို လည်းကောင်း သက်ကြီးအဖွဲ့ဝင်ရှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ နေခြည်ထွန်းမိသားစု သစ်ခွဲစက်၌ မီးဘေးကြိုတင်ကာကွယ်ရေး အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်ထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်း စစ်ဆေးကြစဉ်။ (၅၀၆)

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ရက်မှ ၁၆ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် ဦးသန်းဇော်ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ လေဆိပ်သို့မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၀

မိမိတို့ပိုင်ဆိုင်သော ကိုယ်ပိုင်မော်တော်ယာဉ်၊ ကိုယ်ပိုင်စက်တပ်ရေယာဉ်တို့ဖြင့် ငှားရမ်းခ(သို့)အကျိုးကျေးဇူးတစ်ခုခုကိုရယူ၍ ကုန်ပစ္စည်းများ၊ ခရီးသည်များသယ်ဆောင်ခြင်း၊ ပေးပို့ခြင်း၊ စင်းလုံးငှား လိုက်ပါဆောင်ရွက်ခြင်း၊ ယာဉ်ပေါ်တွင် ကုန်ပစ္စည်းများတင်၍ ရောင်းချခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုပါက ၁၉၆၃ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ–၃ အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၌ လုပ်ငန်းလိုင်စင်ရယူလျှောက်ထားရမည်ဖြစ်သည်။

၁၉၆၅ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်း ဥပဒေပုဒ်မ–၁၂ တွင် ပို့ဆောင်ရေးလုပ်ငန်းအမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း "က" လုပ်ငန်းလိုင်စင်၊ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း"ခ"လုပ်ငန်းလိုင်စင်၊ စင်းလုံးငှားဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်း"ဂ"လုပ်ငန်းလိုင်စင်၊ ပဋိညာဉ်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်း"ဃ"လုပ်ငန်းလိုင်စင်၊ ကိုယ်ပိုင်စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း"င"လုပ်ငန်းလိုင်စင်ဟူ၍ လုပ်ငန်းလိုင်စင်ငါးမျိုးခွဲခြားသတ်မှတ်ထားသဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစားအလိုက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသို့ လုပ်ငန်းလိုင်စင် လျှောက်ထားရယူပြီးမှသာလျှင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ဖော်ပြပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ဒေါပုံမြို့နယ် အမက(၇)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၆ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်းက လေးနှစ်ဆက်တိုက် ကျောင်းရက်ပျက်မရှိသူ ဆရာမဒေါ်ကျင်လှအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန် ကုန် တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာရေးစုံညီပွဲတော် မြန်မာစာ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ ကဗျာရွတ် ပြိုင်ပွဲကို ဇန်န ဝါရီ ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်း (အေ)မှ မောင်တင်မောင်စန်း ယှဉ်ပြိုင်စဉ်။ (၁၉)



နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ပွဲနှင့် မိဘကျေးဇူးဆပ် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံတော်ကြီးတွင် တရားပွဲအလှူရှင် ဦးအေးကို–ဒေါ်တင်တင်မြင့်မိသားစုတို့က နှစ်ကျိပ်ရှစ်ဆူဘုရားများ ပူဇော်ပွဲနှင့် မိဘကျေးဇူးဆပ်အထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ ရက်(စနေနေ့)ညတွင် တိပိဋကရေမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယော ဆရာတော်)၊ ဇန်နဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့) ညနှင့် ဇန်နဝါရီ ၁၅ ရက် (တနင်္လာနေ့) ညတို့တွင် အရှင်စန္ဒိမာ(အောင်လံဆရာတော်)၊ ဇန်နဝါရီ ၁၆ ရက် (အင်္ဂါနေ့)ညတွင် မေတ္တာရှင် အရှင်ဇဝန(ရွှေပြည်သာ) ဆရာတော်တို့က ညစဉ် ၇ နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားနာကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

✳ ရှေ့ဖုံးမှ

များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ သားငါးနှင့်ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို–ရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီအရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ၊ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေး၊ ဈေးနှုန်းတည်ငြိမ်ရေး၊ စားသုံးသူများစိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး၊ စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံရောင်းချနိုင်ရေး၊ အခွန်လွတ်ဈေးအတွင်းရှိ ဆိုင်တွင်းဆိုင်ပြင်သန့်ရှင်းသပ်ရပ်ရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

▲ ဆီးချိုဝေဒနာရှင်များမှ

လောလောဆယ်အခြေအနေတွင် ဆီးချိုထိန်းအင်ဆူလင် ထိုးဆေးနေရာ၌ အစားထိုးရန် ဆီးချိုကျစေသည့် ရှုဆေးသာရှိသေးသည်။

လက်ရှိအခြေအနေတွင် အင်ဆူလင်ဆေးကို စားလိုက်ပါက လူ့အစာခြေအင်္ဂါအဖွဲ့အစည်းအတွင်း ရောက်သွားသောအခါ အစာခြေရည်များနှင့် ဓာတ်ပြုမှုကြောင့် အင်ဆူလင်ဆီးချိုထိန်းဆေးသည် အာနိသင်ပျက်ပြယ်သွားသည်။

ပုစွန်အခွံတွင် ဓာတုပစ္စည်းတစ်မျိုးပါရှိရာ အလွန်သေးငယ်အောင် ဖန်တီးထားသော ဆီးချိုထိန်းဆေးကို ပုစွန်ခွံဓာတ်ပစ္စည်းဖြင့် ဖုံးအုပ်ထားပါက ထိုဆေးကိုအစာခြေရည်က ဖျက်ဆီးနိုင်စွမ်းမရှိတော့ပေ။ သို့ရာတွင် ယင်း သေးငယ်သည့် အင်ဆူလင်ဆေးမော်လီကျူးကို အူလမ်းကြောင်းက စုပ်ယူ လိုက်သည်။ ထိုမှတစ်ဆင့် သွေးကြောအတွင်းသို့ ရောက်ရှိသွားပြီး ဆီးချိုရောဂါရှင်၏ သွေးထဲရှိ သကြားဓာတ်ကို အင်ဆူလင်က ထိန်းသိမ်းပေးသည်။

ပစ္စက္ခအခြေအနေတွင် အင်ဆူလင်စားဆေးအသစ်ကို လူသားများနှင့် စမ်းသပ်ရခြင်းမရှိသေးဘဲ ဓာတ်ခွဲခန်းတွင်မွေးမြူထားသည့် ကြွက်များဖြင့်သာ စမ်းသပ်ကြည့်ရသေးသည်။ ကြွက်ငယ်များကို ရိုးရိုးအင်ဆူလင် စားဆေးနှင့် ပုစွန်ခွံဖြင့်ပြုပြင်ထားသော အင်ဆူလင်စားဆေးကို ကျွေးကြည့်သည်။

ရိုးရိုးအင်ဆူလင် ကျွေးထားသောကြွက်များ၏ သွေးအတွင်းရှိ အင်ဆူလင်ဓာတ်ကို တိုင်းတာကြည့်ရာ တစ်စုံတစ်ရာထူးခြားမှုကို မတွေ့ရပေ။ သို့ရာတွင် ပုစွန်ခွံမှရသော ဓာတုဗေဒပစ္စည်းဖြင့် ပြုပြင်ထားသော အင်ဆူလင်ကို ကျွေးထားသော ကြွက်များ၏သွေးအတွင်း၌မူ အင်ဆူလင် ပေါ်မှန်းပမာဏ တက်လာသည်ကို စမ်းသပ်တွေ့ရှိရသည်။ ထိုအချက်က ပုစွန်ခွံဖြင့်ပြုလုပ်ထားသော အင်ဆူလင်စားဆေးသည် အစာခြေရည်၏ ခြေဖျက်မှုဒဏ်ကို ခံနိုင်ရည်ရှိကြောင်း ပြသလျက်ရှိသည်။

ဖော်ပြပါစမ်းသပ်ချက်များအရ မဝေးလှသောကာလတွင် ဆီးချိုရောဂါထိန်း အင်ဆူလင်စားဆေးကို ထုတ်လုပ်ပေးနိုင်မည့် အလားအလာများ ရှိနေပြီဖြစ်သည်ဟုဆိုသည်။ **အင်တာနက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကညွတ်ကွင်းမြို့တွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူလူထုနှင့် တောင်သူလယ်သမားများအား အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူတစ်ရပ်လုံးက အစိုးရ၊ တပ်မတော်နှင့် လက်တွဲကြိုးပမ်းနေ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ နှင့်အတူ ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ငါးထပ်ကြီးမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မြတ်စွာဘုရားအတွက် ဘက်စုံအလှူတော်ငွေ လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ငါးထပ်ကြီး မြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ ကိုးခန်း သာသနာ့ဗိမာန်တော်ကြီး၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူ လူ ထုနှင့် တောင်သူလယ်သမား များအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ အထွေထွေအတွင်းရေးမှူးက အမှာစကားပြောကြားရာ၌ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရ၊တပ်မတော်နှင့် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကို အခြေခံ၍ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်ဒေသတွင် နေထိုင်သည့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ဆောင်ရွက်ပေးနေကြောင်း၊ ဒေသအချို့တွင် ယခင်က မိုးကောင်းသောက်တစ်သီး စိုက်ပျိုးရာမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူများ စုပေါင်း၍ ပူးပေါင်းဆောင်ရွက်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားကာ တောင်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားလာကြောင်း၊ အလားတူ တွေ့ဆုံပွဲ တက်ရောက်ကြသည့် ဒေသခံတောင်သူကြီးများကိုလည်း လာမည့် စိုက်ပျိုးရာသီတွင် ကွက်ပြည့်ဆောင်ရွက်သွားကြရေးအတွက် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ အသီးသီး ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေ ရရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကိစ္စရပ်များ ပံ့ပိုးပေးသည်။

ထို့နောက် တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက တွေ့ဆုံပွဲ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကညွတ်ကွင်းမြို့ မိုးကောင်းကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဦးသီလာစာရအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များသည် မိုးကောင်းကျောင်းတိုက် တိုးချဲ့ဆောင် ဆောက်လုပ်မှုနှင့် (၂၈)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအတွက် အလှူတော်ငွေများ လှူဒါန်းကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ခရမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်စာကြည့်တိုက် ဆောက်လုပ်ရန် ကွယ်လွန်သူ ကျောင်းအုပ်ဆရာမကြီး အဘွား ဒေါ်ဘွားသင်နှင့် နှစ်ဖက်မိဘများအားရည်စူး၍ ကနေဒါနိုင်ငံနေ ဒေါက်တာမောင်မောင်ကြီး၊ ဒေါ်လှဲ့လှဲ့ဝင်းမိသားစုက ငွေကျပ်သိန်း ၁၅၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပွဲ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၌ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ ဌာနစိတ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ရက် ညနေ ၄ နာရီတွင် သတင်းစာတိုက်ရှေ့၌ ကျင်းပရာ ကွန်ပျူတာဌာနအသင်းက ဖိုတိုလစ်သိုဌာနအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ တတိယဆုရ ပုံနှိပ်စက်ခန်းအသင်းအား လက်ထောက်မန်နေဂျာ(ငွေစာရင်း)ဦးမျိုးဝင်းကလည်းကောင်း၊ ဒုတိယဆုရ ဖိုတိုလစ်သိုဌာနအသင်းအား လက်ထောက်မန်နေဂျာ(စီမံ) ဦးကျော်ဦးကလည်းကောင်း ဆုငွေများချီးမြှင့်ပြီး ဗိုလ်စွဲသွားသည့် ကွန်ပျူတာဌာနအသင်းအား စာတည်းမှူး ဦးညွန့်ဇော်**(အောက်ပုံ)** က ဆုငွေပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

☆ ကျောဖုံးမှ

တက်ရောက် အမှာစကားပြောကြားပြီး ဟိုတယ်လုပ်ငန်းရှင်များ ကြုံတွေ့နေရသော အခက်အခဲများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးသည် ငပလီကမ်းခြေဟိုတယ်၌ တိုးချဲ့ဆောက်လုပ်လျက်ရှိသော အဆောက်အအုံအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် Aureum Palace Resort သို့သွားရောက်၍ အခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ဝန်ထမ်းများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် Ruby Dragon Jade & Gems Co, Ltd. မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော Jade Marina Resort သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် Thande Beach Hotel သို့သွားရောက်၍ အခန်းများ ပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ ဝန်ဆောင်မှုဆောင်ရွက်ပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✪ မကွေးတိုင်းမှ

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း ညောင်ဦးမြို့ ယွန်းပညာကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ယွန်းပညာအရည်တည်တံ့ရေး၊ လက်ဆင့်ကမ်းပညာအမွေပေးနိုင်ရေး၊ ယွန်းပညာအရည်အသွေး တိုးတက်ရေးအတွက် ခေတ်မီနည်းပညာများဖြင့် ကြံစည်ဆောင်ရွက်ရေး၊ ကျွမ်းကျင်ထက်မြက်သည့် တပည့်များမွေးထုတ်ရေး မှာကြားပြီး ယွန်းပစ္စည်းအရောင်းခန်းမနှင့် ယွန်းပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညောင်ဦးမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ ပုဂံဟိုတယ်နှင့် အနော်ရထာဆီစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေကျင်နိကာယ ဝိနယဓမ္မ စာဖြေစာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ မြောင်းမြပရိယတ္တိစာသင်တိုက်ကြီး၌ ပဓာနနာယကဆရာတော် ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝဏ္ဏိတ ကြီးမှူး၍ (၂၄)ကြိမ်မြောက်ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေစာပြန်ပွဲကို ဇန်နဝါရီ ၁၂ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးနှင့် စာထောက်စာမ ဆရာတော်များ၊ စာဖြေသံဃာအပါး ၆၀၀ကျော်တို့ ကြွရောက်တော်မူမည်ဖြစ်သည်။

စာပြန်ပွဲကာလအတွင်း စစ်ကိုင်းမြို့ စံပြပရဟိတဆရာတော် ဓမ္မကထိကဗဟုဇန ဟိတဓရ အရှင်နန္ဒာသဘက ဇန်နဝါရီ ၁၂ ရက်၊ သထုံမြို့ တောင်စွန်းဓမ္မဒူတတောရဆရာတော် ဓမ္မာစရိယ ဒေါက်တာအရှင်ပညိဿရ (B.A,M.A.Ph.D)က ဇန်နဝါရီ ၁၃ရက်၊ ပုသိမ်မြို့ မြောင်းမြကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ၊ သာသနပါလဓမ္မာစရိယ အရှင်ပညာသီရိက ဇန်နဝါရီ ၁၄ရက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အရှင်ရာဇဓမ္မာဘိဝံသက ဇန်နဝါရီ ၁၅ရက်၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရက ဇန်နဝါရီ ၁၆ရက်တို့တွင် ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းနေ ဦးအောင်ကြွယ်–ဒေါ်ခင်လှိုင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ထူးခြားသည့် ညအပူချိန်များ

၁၀–၁–၂၀၀၇

ဟားခါး

(–၁)ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့်ဟဲဟိုး

၄ ဒီဂရီစင်တီဂရိတ်

ရန်ကုန်

၁၈ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ အချိန်ပိုင်းသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်မှစ၍ သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူများ လျှောက်ထားနိုင်ပြီး လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသူများကို ဦးစားပေးမည်ဖြစ်ကာ သင်တန်းတစ်ခုအတွက် သင်တန်းသား ၅၀ စီ လက်ခံသင်ကြားမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက Dip-S.M နှင့် Dip-P.M ဘွဲ့များ အပ်နှင်းမည်ဖြစ်ရာ ဝင်ခွင့်လျှောက်လွှာများကို ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဖုန်း–၀၅၆–၂၂၁၈၀ လိုင်းခွဲ(၁၀၁)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အဝေရာလမ်းနေ ဦးရွှေသန်း–ဒေါ်သီတာတို့က သား ကိုကျော်စွာ၊ မတင်တင်အေးတို့၏ (၆)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

▲ အိမ်မွေး တိရစ္ဆာန်များမှ

"ဒေသခွေးမျိုးများကို စနစ်တကျမွေးမြူပါက နိုင်ငံခြားခွေးမျိုးများကဲ့သို့ အရည်အသွေးရှိလာနိုင်။"

[မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဦးမင်းစိုးနှင့် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဦးစောပလယ်စောတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။]

မွေးမြူသူများအသင်းက အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကိုပါ ပူးတွဲကျင်းပသွားမည်ဟုသိရသည့် အတွက် ကြေးမုံသတင်းအဖွဲ့သည် ပြပွဲပြိုင်ပွဲနှင့် ပတ်သက်၍ သိလိုသည်များကို တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တာဝန်ယူထားကြသော ဒေါက်တာမင်းစိုး (ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်–ငြိမ်း)နှင့် ဒေါက်တာစောပလယ်စော

"အိမ်မွေးတိရစ္ဆာန် မွေးမြူရေးနှင့် ဆေးကုသရေးပြခန်းမှာ မည်သူမဆိုလာရောက်ဆွေးနွေးနိုင်။"

ဒေါက်တာသိန်းဇံ (ရန်ကုန်တိုင်း အိမ်မွေးတိရစ္ဆာန် မွေးမြူသူများ အသင်းဥက္ကဋ္ဌ)။

(ဒုတိယပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်–ငြိမ်း)တို့က "ဒီပြိုင်ပွဲဟာ ကျွန်တော်တို့ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းအနေနဲ့ ဒါပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ အိမ်မွေးတိရစ္ဆာန်အနေနဲ့ ခွေးနဲ့ကြောင်တွေကို ပြသပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဒီနေ့အခြေအနေမှာလူတွေက နိုင်ငံခြားခွေးတွေကိုပဲ အာရုံစိုက်နေကြတယ်။ ကျွန်တော်တို့ဆီမှာလည်းချင်းတောင်ဒေသကခွေးတို့ တနင်္သာရီဒေသက မျက်လုံးအလွန်လှတဲ့ ပွေလီခွေးတို့ဆိုတာတွေရှိတယ်။ ကျွန်တော်တို့ဆီက ခွေးတွေကို စနစ်တကျနဲ့ ဂရုတစိုက်မွေးမြူမယ်ဆိုရင် နိုင်ငံခြားကခွေးတွေနဲ့ တန်းတူအရည်အချင်းရှိတယ်ဆိုတာ ပြချင်တယ်။ ဒီလိုဒေသခွေးတွေကို စနစ်တကျနဲ့ မျိုးကောင်းမျိုးသန့်မွေးမြူလာနိုင်ပြီး ပြည်ပအထိ တင်ပို့နိုင်အောင် ကြိုးစားစေချင်တယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ဒေသခွေးတွေလည်း နိုင်ငံခြားမျိုး ခွေးတွေနဲ့ တန်းတူဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်" ဟု ကြေးမုံသို့ ပြောပြသည်။

ယနေ့အချိန်အခါတွင် လူနေမှုစနစ်များ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အိမ်မွေးတိရစ္ဆာန်မွေးမြူမှုတွင်ကျယ်လာသည်ကို တွေ့ရသည်။ ထိုသို့ အိမ်မွေးတိရစ္ဆာန် မွေးမြူမှုတွင်ကျယ်လာသည်နှင့်အမျှ တိရစ္ဆာန်များအားကျန်းမာရေးစောင့်ရှောက်မှုနှင့် တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများကို စနစ်တကျ ကာကွယ်တတ်ကြရန်လည်းလိုအပ်လာပေသည်။

ပြိုင်ပွဲဝင်မည့် ပြည်တွင်းမျိုးရင်းကြောင်ကို တွေ့ရစဉ်။

အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲတွင် တိရစ္ဆာန်ကျန်းမာရေး အဖွဲ့(၂)မှ ဒိုင်လူကြီးတစ်ဦးဖြစ်သူ ဒေါက်တာသိန်းဇံက "ကျွန်တော်တို့ ဒီပြပွဲမှာ ပညာပေးပြကွက် တစ်ခုအနေနဲ့ အိမ်မွေးတိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးပြခန်းကိုဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ တိရစ္ဆာန်ချစ်သူများအနေနဲ့ တိရစ္ဆာန်တွေကို ဘယ်လိုပြုစုရမယ်၊ ဘယ်လိုကျွေးမွေးစောင့်ရှောက်ရမယ်ဆိုတာတွေကို ကျွန်တော်တို့နဲ့ လာရောက်ဆွေးနွေးနိုင်အောင် စီစဉ်ထားပါတယ်"ဟုပြောကြားသွားသည်။

အိမ်မွေးတိရစ္ဆာန် မွေးမြူသူများ အသင်း၏ အတွင်းရေးမှူး ဒေါက်တာကံထွန်းဝင်းကလည်း "ကျွန်တော်တို့ ဒီပြပွဲမှာ ခွေးအသုံးအဆောင်တွေ၊ ခွေးအရောင်းပြခန်းတွေ၊ တိရစ္ဆာန်အစားအစာ အရောင်းဆိုင်တွေနဲ့ အိမ်မွေးတိရစ္ဆာန်မျိုးစုံကို ပြသရောင်းချသွားပါမယ်။ အိမ်မွေးတိရစ္ဆာန်ချစ်သူများအနေနဲ့ မိမိကြိုက်နှစ်သက်ရာ ခွေးအမျိုးအစားတွေကို ကြည့်ရှုလေ့လာနိုင်အောင် အင်တာနက်ဝက်ဘ်ဆိုက် ၁၀ ခုကို

"မိမိကြိုက်နှစ်သက်ရာ ခွေးအမျိုးအစားများကို အင်တာနက်ဝက်ဘ်ဆိုက်မှ အခမဲ့ ကြည့်ရှုနိုင်အောင် စီစဉ်ထား။"

ဒေါက်တာကံထွန်းဝင်း(အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်း အတွင်းရေးမှူး)။

လည်းဖွင့်ပေးထားပါမယ်၊ အဲဒီမှာ အခမဲ့ကြည့်ရှုနိုင်ပါတယ်"ဟု ကြေးမုံသို့ ပြောကြားသွားသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကျင်းပသော အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွင် အယ်လ်ဖေးရှင်း၊ ဂိုးလ်ဒင်းဝီထရီဗာ၊ ရော့ထ်ဝယ်လာ၊ စိန့်ဘားနတ်၊ မတ်စတစ်၊ ဘောက်ဇာ၊ တယ်ရီယာ၊ စပန်နီယာ၊ ဗီကင်းနိစ်၊ ချောချော(ခွေးခြသေ့) ခွေးအမျိုးအစားများ၊ မြန်မာချင်းတောင်ဒေသခွေးနှင့် အိမ်မွေးကြောင်များကို အလှပြိုင်ပွဲ၊ အလိမ္မာပြိုင်ပွဲအဖြစ် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို တိရစ္ဆာန်ချစ်သူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများကို အိမ်မွေးတိရစ္ဆာန်အရောင်းဆိုင်များ၊ တိရစ္ဆာန်ဆေးကုခန်းများနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့တွင် ဝယ်ယူ၍ ဇန်နဝါရီ ၁၈ရက် နောက်ဆုံးထား၍ စာရင်းပေး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

ထို့ပြင် အလိမ္မာပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင် နေအိမ်၌ လေ့ကျင့်စဉ်ပါဝင်သည့် လေ့ကျင့်ရေးပစ္စည်းများကို လည်းယူလာ၍ စိတ်ကြိုက်ယှဉ်ပြိုင်နိုင်သည်ဟုသိရသည်။

အိမ်မွေးတိရစ္ဆာန်မွေးမြူရေးသည် မိသားစုဘဝ သာယာစိုပြည်စေခြင်း၊ ကလေးသူငယ်များအား ဇီဝဗေဒအခြေခံများ သိနားလည်စေခြင်း၊ ဓာတ်ခွဲခန်း သုတေသနနည်းပညာများ တိုးတက်စေခြင်း၊ မသန်စွမ်းသူများကို စောင့်ရှောက်ကူညီပေးခြင်း၊ မိသားစုအိမ်ခြံနှင့် လုံခြုံရေး အထောက်အကူပေးခြင်း စသည်ဖြင့် အကျိုးပြုလျက်ရှိပါသည်။ ထို့ပြင် ဤပြပွဲပြိုင်ပွဲကျင်းပခြင်းဖြင့် အိမ်မွေးတိရစ္ဆာန်မွေးမြူသူများ ဈေးကွက် ဖွံ့ဖြိုးလာကာ မွေးမြူရေးဆိုင်ရာဆေးပညာ၊ မျိုးရိုးဗေဒခွဲ စိတ်မှုပညာများ တိုးတက်လာကာ ပြည်တွင်း၌ပင် မျိုးကောင်းမျိုးသန့် အိမ်မွေးတိရစ္ဆာန်များကို မွေးမြူနိုင်ကြမည်ဖြစ်ရာ အိမ်မွေးတိရစ္ဆာန်ချစ်သူများ သွားရောက်လေ့လာဆွေးနွေး ကြည့်ရှုနိုင်ပါရန် သတင်းကောင်း ပါးလိုက်ရပါသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၁–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၀ ၄။ လက်ဆင့်ကမ်းပေးဂီတတေး
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ)(ဓာတုဗေဒ)
၅:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၀ ၇။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျန်၊ မြတ်ကေသီအောင်၊ဟန်နီထွန်း၊ ရတနာခင်၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၅:၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၅၀ ၉။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ–ကြည်စိုး)**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၆:၅၀ ၁၃။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၁၂)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး" (အပိုင်း–၂)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်နှင့် မွေးနေ့အလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဇောတိကဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၆ ရက် (ဆည်းဆာ)တွင် (၈)လမ်း ဘုရင့်နောင် ရန်ကုန်၊ ယင်းည (၂/ခ)ရပ် မင်္ဂလာဒုံ ရန်ကုန်၊ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် (၈)လမ်း ဘုရင့်နောင် ရန်ကုန်၊ ည ၆ နာရီတွင် သရက်တောရပ် စမ်းချောင်း၊ ည ၇ နာရီတွင် အင်းစိန်လမ်း ကြည့်မြင်တိုင်၊ ည ၈ နာရီတွင် စေတနာသမ္မာရ ဗားဂရာလမ်း ကြည့်မြင်တိုင်၊ ၁၈ ရက် ဆည်းဆာတွင် ပုလဲလမ်း ကျိုက္ကဆံရပ် ဗဟန်း၊ ည ၇ နာရီတွင် (၃)ရပ်ကွက် လှည်းတန်း ကမာရွတ်၊ ယင်းည ၈ နာရီခွဲတွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင် ရန်ကုန်တို့၌ တရားဟောကြားမည်ဖြစ်သည်။

သက်တော် (၃၉)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ လေးကျွန်းမာရ်အောင်စေတီ ဗုဒ္ဓပူဇနီယပွဲ၊ သဒ္ဓမ္မဇောတိကဓဇပူဇော်ပွဲ၊ ရှုံကြယ်စာကြည့်တိုက်ဖွင့်ပွဲ၊ ရုံးပင်ကုန်းရွာ ကြယ်တစ်ပွင့်မီးစက်တိုက်ဖွင့်ပွဲ၊ ဆားတောင်နီရွာ စာသင်ကျောင်း၊ တံတိုင်းကျေးရွာမုခ်ဦးဖွင့်ပွဲ၊ သာလိုင်းရွာ စာသင်ကျောင်း ပန္နက်တင်မင်္ဂလာနှင့် ကျေးရွာမုခ်ဦးဖွင့်ပွဲ၊ ပရဟိတ အလှူတော်များအား စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာတွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ လေးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စေတနာသမ္မာရဝတ်အသင်း တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်း ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်းအလှူတော်အောင်ပွဲ အထိမ်းအမှတ် အထူးဓမ္မသဘင်တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ ရက်တွင် ဘဒ္ဒန္တ ကောသလ္လ(ဓမ္မစေတီဆရာတော်)M.A (Buddhism)၊ ဇန်နဝါရီ ၁၄ ရက်တွင် ဒေါက်တာကောဝိဒ (မချိုမဂုဏ်ရည်ဆရာတော်)၊ ဇန်နဝါရီ ၁၅ ရက်တွင် ဘဒ္ဒန္တ အံ့ဂီသ (ပါဠိကာရီ ဆရာတော်)၊ ဇန်နဝါရီ ၁၆ ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းဂူဆရာတော်)၊ ဇန်နဝါရီ ၁၇ ရက်တွင် ဘဒ္ဒန္တ ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ဇန်နဝါရီ ၁၈ ရက်တွင် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ)၊ ဇန်နဝါရီ ၁၉ ရက်တွင် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)၊ ဇန်နဝါရီ ၂၀ ရက်တွင် ဘဒ္ဒန္တ ကုန္ဒက(ချမ်းမြေ့မြိုင်ဆရာတော်)၊ ဇန်နဝါရီ ၂၁ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာ ဘိဝံသ(ယောဆရာတော်) (တိပိဋကဓရ၊ တိပိဋကကောဝိဒ)၊ ဇန်နဝါရီ ၂၂ ရက်တွင် ဘဒ္ဒန္တ ဆေကိန္ဒ(ဓမ္မဒူတ)၊ ဇန်နဝါရီ ၂၃ ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရတို့က ကြည့်မြင်တိုင်မြို့နယ်ရှိ ဗားကရာလမ်း အထက(၁) ကျောင်းရှေ့တွင် ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ပါ၍ ကြွရောက် တရားတော်နာယူတော်မူကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

အလက(၃) တာမွေ၏ Language Lab ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်၊ စိန်မိုက်ကယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ နာယက ဆရာကြီး ဦးငွေစိုး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်မောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်ထွန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၁)

ချည်မျှင်နှင့်အထည် အင်ဂျင်နီယာများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကန်တော်ကြီးမဟာမြိုင်ကျွန်းရှိ Western Park (ကန်တော်ကြီး) စားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

အခြေခံပညာကျောင်းပေါင်းစုံ ရှုံးထွက်ခရစ်ကက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံ ရှုံး၊ ထွက်ခရစ်ကက် အားကစားပြိုင်ပွဲ (Inter School Knock-out Tournament Challenge Shield 2006-2007) ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိုလ်မာန်လမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ဗဟန်း အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပထမဆုကြေး ငွေကျပ် ၇၀၀၀၀၊ ဒုတိယဆုကြေးငွေကျပ် ၄၀၀၀၀နှင့် နှစ်သိမ့် ဆုကြေးငွေကျပ် ၂၀၀၀၀ အသီးသီး ချီးမြှင့်ကြမည်ဖြစ်သည်။

ဇန်နဝါရီ ၁၁ရက် ပထမပွဲအဖြစ် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အသင်းတို့က လည်းကောင်း၊ ဒုတိယပွဲအဖြစ် ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းပျိုးသူတို့အလင်္ကာ ကားသစ် ရုံတင်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ယခု သောကြာပတ် ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ **"ပန်းပျိုးသူတို့ အလင်္ကာ"** အမည်ရှိ မြန်မာဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်ပြီး ပြသဆဲမြန်မာဇာတ်ကားသစ် **ပြဒါးမဲ့မှန်**လည်း ဆက်လက်ပြသသွားမည်ဖြစ်သည်။

ပန်းပျိုးသူတို့အလင်္ကာ

ရီမြင့် ရုပ်ရှင် ထုတ်လုပ်ရေးမှ မောင်ယဉ်အောင်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဟိန်းစိုးရိုက်ကူးသည့် **ပန်းပျိုးသူတို့အလင်္ကာ** ဇာတ်ကားမှာ ဘဝသရုပ်ဖော် ဇာတ်ကားတစ်ကားဖြစ်သည်။ ဘဝတစ်လျှောက်လုံး ကျောင်းဆရာဘဝဖြင့် ကလေးငယ်များ၏ ပညာရေးလမ်းပြအဖြစ်သာ ရပ်တည်ခဲ့သည့်ကျောင်းဆရာလူပျိုကြီးတစ်ဦး၏ဘဝနှင့် ၎င်း၏ဘဝထဲသို့ မထင်မှတ်ဘဲ မိန်းမချောလေး တစ်ဦး ဝင်ရောက်လာခဲ့ရာမှစခဲ့သည့် အလွမ်း၊ အဆွေးနှင့် ရင်မောဖွယ်ရာ ဇာတ်ကားဖြစ်သည်။ ရှမ်းပြည်နယ် အင်းလေးဒေသကို နောက်ခံထား၍ ဇာတ်အိမ်တည် ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားသစ်တွင် လူမင်း၊ နေတိုး၊ မေသဉ္ဇာဦး၊ နဝရတ်၊ ဇော်ဝမ်းနှင့် ဒွေးသည် သရုပ်ဆောင်ရဲအောင်တို့ ခေါင်းဆောင် ပါဝင်ကြသည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် ပြသဆဲ မြန်မာဇာတ်ကားတစ်ကားဖြစ်သည့် **ပြဒါးမဲ့မှန်** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင်ပြသဆဲနိုင်ငံခြားကား Miamivice ဇာတ်ကြမ်းကား ဆက်လက်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ဟောလီးဝုဒ်မှ နာမည်ကြီး တရုတ်မင်းသမီး ဂေါင်လီ ပါဝင်သရုပ်ဆောင်ထားသည်။ (ကြေးမုံ)

သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံဝင်လာမည့် ပန်းပျိုးသူတို့အလင်္ကာ ဇာတ်ကားသစ်မှ လူမင်း၊ မေသဉ္ဇာဦးနှင့် နဝရတ်တို့ ပါဝင်သည့် ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အင်တာနက်အားကစားသတင်းများ

ဆာဗီးယားတင်းနစ်မယ် ဂျန်ကိုဗစ် လက်ရှိချန်ပီယံကို အနိုင်ရ

ဆစ်ဒနီ ဇန်နဝါရီ ၁၀

ဆစ်ဒနီအပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲတွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ကွာတားပွဲ၌ ဩစတြေးလျ အလွတ်တန်းတင်းနစ်ချန်ပီယံ အာမီလီမောရက်စ်မိုသည် ဆာဗီးယားနိုင်ငံသူ ဂျီလီအဂျန်ကိုဗစ်ကို ရှုံးနိမ့်သွားသည့်အတွက် ပြိုင်ပွဲမှထွက်သွားရပြီဖြစ်သည်။

လောလောဆယ်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများတွင် ဂျန်ကိုဗစ်သည် နိုင်ပွဲဆက်လျက်ရှိသည်။ မကြာမီကကျင်းပပြီးစီးသွားသော စကော့တလန်ကလပ်စစ်တင်းနစ်ဖိုလ်လုပွဲတွင် ဂျန်ကိုဗစ်က ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ ပြင်သစ်အားကစားမယ်ကို ၇-၅၊ ၆-၀ ဖြင့် အနိုင်ရရှိသွားသည်။

အခြားပွဲတစ်ပွဲ၌ အားကစားမယ် ကင်မ်ကလစ်ချ်စတားသည် အစ္စရေးသူယှဉ်ပြိုင်ဘက် ဘရာရာပီယာကို ၆-၂၊ ၆-၁ ဖြင့် အေးအေးဆေးဆေး အနိုင်ရရှိသွားသည်။ သို့ဖြစ်၍ သူမသည် အကြိုဗိုလ်လုပွဲတွင် တရုတ်နိုင်ငံမှ လီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကင်မ်ကလစ်ချ်စတားသည် ကျင်းပပြီးစီးခဲ့သည့် ဩစတြေးလျ အလွတ်တန်း တင်းနစ်ပြိုင်ပွဲ၌ ဒုတိယနေရာရခဲ့သူဖြစ်သည်။

တရုတ်အားကစားမယ်လီသည် ဆယ်လ်ဗေးနီးယားမှ ကက်တာရီနာစရီဗောတ်နစ်ကို ၇-၅၊ ၆-၁ ဖြင့် အနိုင်ရခဲ့သည်။

အသက် (၂၁)နှစ်ရှိသူ အားကစားမယ် ဂျန်ကိုဗစ်သည် ၂၀၀၆ ခုနှစ်အချိန်က ကမ္ဘာ့အဆင့် သတ်မှတ်ချက်ဇယားတွင် အဆင့် ၁၂ နေရာ၌သာ ရှိခဲ့သည်။ သို့သော် ၎င်းသည် ယခုနှစ်ဦးပိုင်း၌ ရှစ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့ပြီးနောက် အဆင့် ၁၀ နေရာသို့ တိုးမြှင့်သတ်မှတ်ခြင်းခံခဲ့ရသည်။

အင်တာနက်

ဩစတြေးလျ အလွတ်တန်း ချန်ပီယံ ဟောင်း အာမီလီ မောရစ်မို၏ ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တင်းနစ်မယ် ဗီးနပ်ဝီလီယံ ဩစတြေးလျ တင်းနစ်ပြိုင်ပွဲ ဝင်နိုင်မည်မဟုတ်

နယူးယောက် ဇန်နဝါရီ ၁၀

အမေရိကန် တင်းနစ်အားကစားမယ် ဗီးနပ်ဝီလီယံသည် ကစားပွဲများအတွင်းရရှိထားသော ဒဏ်ရာကြောင့် ပြိုင်ပွဲများ၌ ကောင်းမွန်စွာယှဉ်ပြိုင်နိုင်ခြင်းမရှိသည်မှာ နှစ်အတန်ကြာပြီဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိသူ ဗီးနပ်ဝီလီယံသည် ယခုအခါ၌လည်း လက်ကောက်ဝတ်တွင် ရရှိထားသောဒဏ်ရာကြောင့် လာမည့်သီတင်းပတ်တွင် ကျင်းပရန်ရှိသည့် ဩစတြေးလျ အလွတ်တန်းတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ရှုံးနိမ့်ခဲ့ရ

အသက် (၂၆)နှစ်ရှိပြီဖြစ်သော ဗီးနပ်ဝီလီယမ်သည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ၂၀၀၃ ခုနှစ်ကကျင်းပသော တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ဖူးသည်။ ထိုစဉ်က သူမသည် ညီမငယ် ဆီရီ နာဝီလီယံနှင့် ဗိုလ်လုပွဲကို ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ယင်းပွဲ၌ အစ်မ ဗီးနပ်ဝီလီယံ ရှုံးနိမ့်ခဲ့ရသည်။

ဆစ်ဒနီမြို့၌ကျင်းပမည့် တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ်များဖြစ်သည့် စဗစ်လာနာကူဇနက်ဆော်ဗာနှင့် နာဒီယာပီထရိုဗာတို့လည်း ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

အလွတ်ပေးခဲ့ရ

ငါးကြိမ်တိုင်တိုင် ဂရင်းဆလင်းဗိုလ်စွဲခဲ့သူ ဗီးနပ်ဝီလီယံသည် ဒဏ်ရာကြောင့် ၂၀၀၆ ခုနှစ် တစ်နှစ်လုံးပြိုင်ပွဲအတော်များများ မဝင်နိုင်ဘဲရှိခဲ့သည်။ ထိုနှစ်အတွင်း သူမသည် မော်စကိုတင်းနစ်ပြိုင်ပွဲနှင့် စတူးဂတ်တင်းနစ်ပြိုင်ပွဲများကိုလည်း အလွတ်ပေးခဲ့ရသည်။

၎င်း၏ညီမဖြစ်သူ ဆီရီနာဝီလီယံမှာ ဒူးနာနေသည့်ဝေဒနာ သက်သာလာပြီဖြစ်၍ ယခုအခါ ဟိုဘတ် အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ဆင်နွှဲလျက်ရှိသည်။ ***အင်တာနက်***

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီကမ်းခြေဟိုတယ်များ တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီမီ အချိန်မီပြီးစီးရေး မှာကြား

ကြည့်ရှုစစ်ဆေး

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီကမ်းခြေ ဒေသရှိ Aureum Palace Resort ဟိုတယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

နေပြည်တော် ဇန်နဝါရီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် လိုက်ပါလျက် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် ငပလီကမ်းခြေဒေသရှိ Fortune Resort တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးစိုးနိုင်က တည်ဆောက်လျက်ရှိသော ဟိုတယ်အဆောက်အအုံများ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီမီ အချိန်မီပြီးစီးရေးမှာကြားပြီး တည်ဆောက်ဆဲ ဟိုတယ်အဆောက်အအုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေင်အုပ်စုကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်နေသော ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးဝဏ္ဏနိုင်က တည်ဆောက်လျက်ရှိသော ဟိုတယ်အဆောက်အအုံအခြေအနေ များကို ရှင်းလင်းသည်။ ယင်းနောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မင်းဇာနည်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ် လျက်ရှိသော Asia Villa Resort တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းဒါရိုက်တာ ဦးအောင်ကျော်သာက ဆောက်လုပ်လျက်ရှိသော အဆောက်အအုံအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် သံတွဲလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်အတွင်း နိုင်ငံခြားခရီးသည်များ လေကြောင်းခရီးဖြင့် ဝင်ထွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားသားခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငပလီကမ်းခြေဟိုတယ်၌ ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

မကွေးတိုင်းအတွင်းရှိ သမဝါယမလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ရွှေသက်တံ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ကြက်သွန်စိုက်ခင်းဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ တစ်နေ့ကုန်ကြမ်း တန် ၃၀ကျ ဆီစက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၇ရက်တွင် မကွေးတိုင်းမှတာဝန်ရှိသူများလိုက်ပါလျက် ရေနံချောင်းမြို့နယ် နောင်ရိုးစက်မှုလက်မှု ဝန်ဆောင်သမဝါယမအသင်းရုံးခန်း၌ အသင်းသားများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးအား အသင်းအုပ်ချုပ်မှုဒါရိုက်တာက အသင်း၏သမိုင်းကြောင်းနှင့် လက်ရှိ လုပ်ငန်းအခြေအနေများကိုတင်ပြရာ ဝန်ကြီးက နှစ်ပေါင်းများစွာ ခိုင်မာစွာတည်ရှိခဲ့သော အသင်းကြီးဖြစ်၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ စက်ပစ္စည်း များ၏ နည်းပညာအရည်အသွေးသည်လည်း ခေတ်နှင့်အညီဖြစ်ရန် လိုကြောင်း၊ ထုတ်လုပ်သောပစ္စည်းများသည် သုံးစွဲသူအကြိုက် ထုတ်လုပ်ရန်လိုကြောင်း အကျယ်တဝင့်မှာကြားပြီး သံရည်ကျိုလုပ်ငန်း၊ ပုံလောင်းလုပ်ငန်းနှင့် တွင်ခုံလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် မကွေးတိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ တစ်နေ့ကုန်ကြမ်း တန် ၃၀ ကျ ဆီစက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သမဝါယမ)

အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းဖြင့် မိသားစုဘဝစိုပြည်စေနိုင်

ရန်ကုန် ဇန်နဝါရီ ၁၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် သတ္တမအကြိမ် နှစ်ပတ်လည်အခမ်းအနားကို လာမည့် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံတွင် ကျင်းပမည်ဖြစ်သည်။ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အဖွဲ့ချုပ်လက်အောက်ရှိ အိမ်မွေးတိရစ္ဆာန် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ▲

သတင်းဆောင်းပါး

ဝင်းနိုင်(ကြေးမုံ)

ဓာတ်ပုံ

သန့်ဇင်ထွန်း(ကြေးမုံ)